## ကလေးအနာဂတ်အတွက်

လင်မယားနှစ်ယောက်က ကားပျောက်မှုဖြင့် တိုင်ချက်ဖွင့်သဖြင့် ရဲက ကားပျောက်သည့်အခင်းဖြစ်ပွားရာသို့ သူတို့နှစ်ဦးအားခေါ်ပြီး သွားရောက်စစ်ဆေးသောအခါ မော်တော်ကားကို ပြန်တွေ့လိုက်ရလေသည်။

ကားမှန်ရှေ့တွင် တောင်းပန်သည့်စာတစ်စောင် ရေးထားသည်ကိုလည်း တွေ့ရလေသည်။

"လူကြီးမင်းတို့ကားကို ယူသွားမိတဲ့အတွက် တောင်းပန်ပါတယ်။ ကျွန်တော့်မိန်းမ မီးဖွားခါနီးဆဲဆဲအခြေအနေမို့ ဆေးရုံကို အမြန်ပို့ဖို့လိုတာကြောင့် ဝါယာကြိုးတစ်ချောင်းနဲ့ ကားစက်နှိုးပြီး ယူသွားမိတာပါ။ အဲဒီအတွက် ကသိကအောက်ဖြစ်ခဲ့ရင် တောင်းပန်ပါတယ်။ ဒီစာနဲ့အတူ ပြဇာတ်ကပွဲလက်မှတ်နှစ်စောင် ထားရစ်ခဲ့ပါတယ်။ ကျေနပ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

လင်မယားနှစ်ယောက်စလုံး စိတ်ပြေသွားပြီး ထိုညတွင် အလကားရသော လက်မှတ်နှစ်စောင်ဖြင့် ပြဇာတ်သွားကြည့်ခဲ့ကြသည်။ အိမ်ပြန်ရောက်သောအခါ ဖောက်ထွင်းခံလိုက်ရကြောင်း သိရပြီး အဖိုးတန်ပစ္စည်းအားလုံး ပါသွားသည်။ တံခါးဝတွင် စာတစ်စောင်တွေ့၍ ဖတ်ကြည့်လိုက်ကြရာ ...

"မော်တော်ကားကို သစ္စာရှိရှိ ပြန်ပေးခဲ့ပါသည်။ ဒါပေမဲ့ ကျွန် တော့်ရဲ့မွေးကင်းစကလေးကို လူလားမြောက်တဲ့အထိ ပြုစုရဦးမှာ မဟုတ်လားဗျာ"

## ဒီမှာအစုံအညီရှိနေတယ်

အမေရိကန်သမ္မတကြီးသည် တိုင်းပြည်အတွင်းရှိ ဘဏ်လုပ်ငန်းရှင်၊ စီးပွားရေးလုပ်ငန်းရှင်တို့နှင့် အစည်းအဝေးထိုင်နေလေသည်။ ထိုစဉ် နိုင်ငံတော်ဗဟိုဘဏ်၌ လုယက်မှုတစ်ခုဖြစ်ပွားကြောင်း ဖုန်းဝင်လာသည်။

သမ္မတကြီးက တအံ့တသြရေရွတ်လိုက်သည်။

"ဟင် ... ဒီသတင်းဖြစ်နိုင်ပါ့မလား။ ငါ့နိုင်ငံထဲက သူခိုးတွေအားလုံး ငါ့အနားမှာ အစုံအညီရှိနေတာပဲဟာ"